# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

October 21, 2019 Volume 24, Number 12


### ၂၁.၁၀.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၉၂ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၂၂၁၀၀၀/- ကျပ် |
| ဒေါ်လာဈေး | = ၁၅၃၁/- ကျပ် |
| CBM Rate | = ၁၅၃၃.၇ /ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၂.၈ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၂၆.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၉၀.၇ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၂.၁ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၅၄.၅ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၆.၈၆ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၆၅၁ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၀.၉၉ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၈၃ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၀.၆၉၂ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မြန်မာ့ကော်ဖီဈေးကွက် ဥရောပဈေးကွက်သို့ တိုးချဲ့တင်ပို့မည်




မြန်မာနိုင်ငံက ကော်ဖီများကို အမေရိကန် ဈေးကွက်အပြင် ဥရောပဈေးကွက်အထိ တိုးချဲ့တင်ပို့ရန်စီစဉ်နေကြောင်း မြန်မာနိုင်ငံကော်ဖီအသင်းဥက္ကဋ္ဌ ဦးမျိုးအေးက ပြောသည်။ မြန်မာ့ကော်ဖီကို ယခင်က မိရိုးဖလာနည်းဖြင့် စိုက်ပျိုးခဲ့ကြပြီး ၂၀၁၄ ခုနှစ်ကစပြီး နည်းပညာ၊ စက်ပစ္စည်း၊ စိုက်ပျိုးနည်း၊ အရည်အသွေးဆန်းစစ်နည်းပညာများကို နိုင်ငံတကာအဖွဲ့များ၏အကူအညီဖြင့် ပြောင်းလဲစိုက်ပျိုး ခဲ့ကြောင်း၊ ကမ္ဘာ့အထူးတန်းဝင် ကော်ဖီအရည်အသွေးဖြစ်လာပြီး အမေရိကန်ဈေးကွက်ကို တင်ပို့လျက်ရှိရာက ဈေးကွက်ဆက်လက်ချဲ့ထွင်ရန် စီစဉ်နေကြောင်း ဦးမျိုးအေးက ပြောသည်။ မြန်မာ့ကော်ဖီစိုက်ပျိုးမှုက သက်တမ်းကြာနေပါပြီ။ ပုံမှန်မိရိုးဖလာစိုက်ပျိုးမှုကြောင့် အရည်အသွေးလိုအပ်ချက်တွေရှိနေရာကနေ ၂၀၁၃ –၂၀၁၄ ဘဏ္ဍာနှစ်ကနေ နိုင်ငံတကာအကူအညီပေးရေး အဖွဲ့တွေကနေ နည်းပညာတွေ၊ သင်တန်းတွေ။ စက်ကိရိယာတွေ၊ စိုက်ပျိုးနည်း၊ နောက်ကော်ဖီအရည်အသွေးထိန်းသိမ်းနည်းတွေ သင်ကြားပေးတဲ့အပြင် ဈေးကွက်ဆက်သွယ်ပြီး အမေရိကန်နိုင်ငံကို တင်ပို့ရောင်းချခဲ့ပါတယ်။ မြန်မာ့ကော်ဖီကလည်း အထူးတန်းဝင် ကော်ဖီမှာ

အရည်အသွေးအကောင်းဆုံး ကော်ဖီစာရင်းထဲဝင်ပါတယ်။ ဆက်လက်ပြီး ဥရောပ ဈေးကွက်ကိုပါ ချဲ့ထွင်ဖို့ဆောင်ရွက်နေပါတယ်။ ဂျပန်နိုင်ငံတကာအကူအညီပေးရေး အဖွဲ့တွေဆီကနေ ရင်းနှီးမြှုပ်နှံမှု မြှင့်တင်ဖို့နဲ့ အသေးစား၊ အလတ်စားချေးငွေတွေအတွက် ဆွေးနွေးမှုတွေ လုပ်နေပါတယ်။ ဂျပန်ဈေးကွက် ကိုလည်း လက်ရှိမှာ တင်ပို့ရောင်းနေတာရှိပေမယ့် အရေအတွက်နည်းပါးနေပါသေးတယ်။ ထပ်ပြီးပမာဏ များများ တင်ပို့ရောင်းချနိုင်အောင် ကြိုးစားနေပါတယ်ဟု ၎င်းကပြောသည်။

ကော်ဖီသောက်သုံးမှုမှာ ပြည်တွင်းနှင့်ပြည်ပမှာပါ မြင့်တက်လာပြီး ဈေးကွက်ကျယ်ပြန့်လာကြောင်း၊ လက်ရှိတွင် ဟောင်ကောင်၊ စင်ကာပူနှင့် အမေရိကန်နိုင်ငံတို့ကို တင်ပို့နေကြောင်းသိရသည်။ ကော်ဖီဈေးကွက် ဆက်လက်ချဲ့ထွင်နိုင်ရေး အတွက် နိုင်ငံတကာပြပွဲများသို့ သွားရောက်ပြသရန် လိုအပ်ကြောင်း မန္တလေးတိုင်း ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်က တိုက်တွန်းသည်။ ကော်ဖီသီးနှံက နိုင်ငံခြားဝင်ငွေကိုရှာဖွေပေးနိုင်တဲ့ စက်မှုသီးနှံတစ်ခုဖြစ်ပါတယ်။ ဒီလို ကော်ဖီလုပ်ငန်းနဲ့ အသက်မွေးဝမ်းကျောင်းပြုနေသူတွေ စုပေါင်းပြီး ကော်ဖီကဏ္ဍမြှင့်တင်နိုင်ဖို့ အရေးကြီးပါတယ်။ ဆွေးနွေးပွဲတွေ၊ အလုပ်ရုံ ဆွေးနွေးပွဲတွေ၊ ပွဲတော်တွေ၊ ပြပွဲတွေကနေ ရလဒ်ကောင်းတွေရဖို့လိုပါတယ်။ ကမ္ဘာ့ဈေးကွက်မှာ မြန်မာ့ကော်ဖီက နာမည်ရ လာတဲ့ စက်မှုသီးနှံတစ်ခု ဖြစ်လာပါတယ်ဟု ၎င်းကပြောသည်။

မြန်မာ့ကော်ဖီအရည်အသွေးမြှင့်တင်ရန်နှင့် ဈေးကွက်ပိုမိုချဲ့ထွင်နိုင်ရန်ရည်ရွယ်ပြီး မြန်မာနိုင်ငံမှာ ပထမဆုံး အကြိမ်အဖြစ် ပြုလုပ်သည့် ကော်ဖီပွဲတော်တွင် ဝန်ကြီးချုပ်ကပြောကြားခြင်းဖြစ်သည်။ အဆိုပါပွဲတော်ကို အောက်တိုဘာ ၇ ရက်က မန္တလေးမြို့၊ မန္တလာသီရိ အားကစားကွင်းအတွင်း၌ ကျင်းပခြင်းဖြစ်သည်။ မြန်မာနိုင်ငံတွင် အာရေဗီကားနှင့်ရိုဘတ်စတာ ကော်ဖီများကို ဧကငါးသောင်းခန့် စိုက်ပျိုးထားပြီး ကော်ဖီနှင့်ဆက်စပ်သည့် လုပ်ငန်းလုပ်ကိုင်နေသူ တောင်သူနှင့်လုပ်ငန်းရှင် ၆၀၀၀ ကျော်ရှိကြောင်းသိရသည်။

**Source: မြန်မာတောင်သူကြီးများဂျာနယ်**

http://htwettoe.com/article-details/news/8049504

## မြန်မာ့ပို့ကုန်များ နိုင်ငံတကာဈေးကွက်သို့ဝင်ရောက်နိုင်ရန် ဖြည့်ဆည်းဆောင်ရွက်ပေးမည်




မြန်မာ့ပို့ကုန်များ အာဆီယံဒေသတွင်းနိုင်ငံများ၊ ဥရောပသမဂ္ဂနှင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရန် ထုတ်လုပ်မှုတန်ဖိုးကွင်းဆက်များ၏ ဈေးကွက်၌လိုအပ်မှုများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့်က ပြောဆိုသည်။ အောက်တိုဘာ ၁၈ ရက် နေပြည်တော်ရှိ ပါ့ခ်ရွိုင်ရယ်ဟိုတယ်၌ ကျင်းပသည့် အာဆီယံဒေသတွင်း စီးပွားရေးပေါင်းစည်းမှုဆိုင်ရာ ဥရောပသမဂ္ဂ၏ အထောက်အပံ့အစီအစဉ်အရ မြန်မာနိုင်ငံတွင် ကုန်သွယ်မှုကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအထောက်အပံ့ (ARISE Plus Myanmar) စီမံကိန်း မိတ်ဆက်ပွဲတွင်

ပြောဆိုသည်။

ARISE Plus Myanmar စီမံကိန်းကို ၂၀၁၉ ခုနှစ် ဇူလိုင်လမှ ၂၀၂၃ ခုနှစ် ဇွန်လအထိ လေးနှစ်ကြာ ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းအတွက်ယူရိုရှစ်သန်းကို ဥရောပသမဂ္ဂက ထောက်ပံ့ခြင်းဖြစ်သည်။ အဆိုပါ လေးနှစ်စီမံကိန်းသည် ကုန်သွယ်မှု အမျိုးအစားများ ကွဲပြားစွာ ဆောင်ရွက်နိုင်ရေးနှင့် ပေါင်းစည်း ဆောင်ရွက်နိုင်ရေးတို့ကို ပံ့ပိုးပေးမည်ဖြစ်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာဈေးကွက်သို့ ဝင်ရောက်နိုင်ရေးအတွက် အငယ်စား၊ အသေးစားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ၏ ထုတ်လုပ်မှုတန်ဖိုး ကွင်းဆက်များ၏ ဈေးကွက်လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်းသိရသည်။

ယင်းစီမံကိန်းမှ အမျိုးသမီးများအတွက် အလုပ်အကိုင်အခွင့်အလမ်း ပိုမိုများပြားလာအောင် ဆောင်ရွက်နိုင် မည်ဖြစ်ပြီး စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်မည့် Component 3 ခုထဲမှ ရွေးချယ်ထုတ်လုပ်မှု တန်ဖိုးကွင်းဆက်များအဖြစ် Value-Chain Component အောက်တွင် ဆီနှင့်ဆီထွက် သီးနှံများ၊ ပဲအမျိုးမျိုး၊ ပျားရည်၊ ဥယျာဉ်ထွက် သီးနှံများဖြစ်သည့် ထောပတ်သီး၊ ကျွဲကောသီး၊ နာနတ်နှင့်ကြက်သွန်ဖြူတို့ကိုလည်းကောင်း၊ SPS Component အောက်တွင် ပျားရည်၊ ဥယျာဉ်ခြံထွက်သီးနှံ၊ ကော်ဖီ၊ လက်ဖက်ရည်တို့ကိုလည်းကောင်း ရွေးချယ်ထားကြောင်းလည်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/129847.html

## ချင်းတောင်ထွက် ကြက်သွန်ဈေး အဆမတန်မြင့်တက်ခဲ့



စစ်ကိုင်းတိုင်းဒေသကြီး ကလေးဒေသထွက် ကြက်သွန်များ နှင့် ချင်းတောင်ပေါ်မှလာသော ကြက်သွန်များကို အောက်တို ဘာလဆန်းမှစတင်၍ မန္တလေး၊ မုံရွာဝယ်လက်များ ဈေးပြိုင် ပေးဝယ်ယူမှုကြောင့် ကလေးဈေးကွက်တွင် ကြက်သွန်နီဈေး ထောင်ချိမြင့်တက်လာကြောင်း ကလေးမြို့ တာဟန်းရပ်ကွက် ကြက်သွန်ပွဲရုံပိုင်ရှင် ဦးရှားမာက ပြောဆိုသည်။ ကလေးဒေသ ထွက် ကြက်သွန်နှင့် ချင်းတောင်ထွက် ကြက်သွန်မှာ ပြီးခဲ့သည့် နှစ်များက ဝယ်လက်နည်းပါးသည့်အတွက် ကြက်သွန်ဈေး ကျဆင်းနေခဲ့ရာမှ ယခုနှစ် ကြက်သွန်ဈေးကောင်းရခြင်း ဖြစ်သည်။ ကလေး၊ ချင်းတောင်ကြက်သွန်မှာ နှစ်စဉ်ပိဿာချိန် သိန်းချီထွက်ရှိပြီး ပြီးခဲ့သည့်နှစ်များက ကြက်သွန် ဈေးမကောင်းသည့်အတွက် ယခုနှစ် ကြက်သွန်စိုက်ဧက နည်းကြောင်း ကြက်သွန်စိုက်တောင်သူ ဦးထန်လိုပ် (လုမ်းဘန်ရွာ) က ပြောဆိုသည်။ ကျွန်တော်တို့ ချင်းတောင်နဲ့ကလေး ဒေသထွက် ကြက်သွန်ကို ပုံမှန်အားဖြင့် အိန္ဒိယဘက်က နှစ်စဉ်ဝယ်ပါတယ်။ ၂၀၁၅ ခုနှစ်က ကလေး၊ ချင်းတောင်ဒေသမှာ သဘာဝဘေးကျရောက်ပြီး ဒီဘက်နှစ်တွေမှာ ဝယ်လက်မရှိတော့ဘူး။ ပြီးခဲ့တဲ့နှစ်ကဆိုရင် ကြက်သွန်ဈေးရှိပြီး ဝယ်သူမရှိတဲ့အတွက် ကြက်သွန်စိုက်တောင်သူတွေအရှုံးပေါ်တယ်။ အခုနှစ် မိုးမှာကြက်သွန်စိုက်ပျိုးမှုနည်းသွားတယ်။ အခုတော့ မမျှော်မှန်းဘဲ ကြက်သွန်ဈေးက တစ်ပိဿာထောင်ချိပြီး မြင့်တက်

နေပါတယ်ဟု ဦးရှားမာကပြောဆိုသည်။

ကလေးဒေသတွင် ကြက်သွန်ကို ကြို့သုံးပင်၊ မွန်းလိုင်၊ ဆင်ရွာ၊ တောင်သာ၊ စည်ပင်ကြီး၊ ဆယ်တော်ဦး၊ ကျောင်းတိုက်ဒေသများတွင် အများဆုံးစိုက်ပျိုးပြီး ချင်းပြည်နယ်၌ ဖလမ်းမြို့နယ် လုမ်းဘန်၊ ပါရိသဲ၊ ဘွလ်ခွါး၊ ဖိုင်ဇောလ်၊ လုမ်းဟော့ဒေသများတွင်စိုက်ပျိုးသည်။ ချင်းတောင်ထွက် ကြက်သွန်ကို ကလေးမြို့ဈေးကွက်သို့ တင်ပို့ရောင်းချပြီး ကလေးမြို့မှတစ်ဆင့်ဈေးကွက်ရှိရာ အိန္ဒိယနယ်စပ် ဈေးကွက်သို့လည်းကောင်း၊ မုံရွာ၊ မန္တလေးဈေးကွက်သို့လည်းကောင်း တင်ပို့ရောင်းချသည်။ ကလေးမြို့ ကြက်သွန်ပွဲရုံများတွင် ပြီးခဲ့သည့်နှစ်များက ကြက်သွန်တစ်ပိဿာလျှင် ကျပ် ၅၀၀ သာ ဈေးရှိသော်လည်း ယခုနှစ်အောက်တိုဘာလဆန်းမှစ၍ ကြက်သွန်တစ်ပိဿာ ကျပ် ၂၀၀၀ အထိ ဈေးရလျက်ရှိသည်။ ယခုရက်ပိုင်း မိုးကြက်သွန်ပေါ်ချိန်ချင်းတောင် ကြက်သွန်၊ ကလေးကြက်သွန်စိုက်ပျိုးမှု နည်းပါးလျက်ရှိသော်လည်း ကြက်သွန်ဈေးကောင်းရသည့်အတွက်လာမည့်ဆောင်းသီးနှံတွင် ကြက်သွန်ကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ကြိုးစားဆောင်ရွက်နေကြောင်း ဒေသခံကြက်သွန်စိုက်တောင်သူတစ်ဦးကပြောဆိုသည်။

**Source:** https://myanmar.mmtimes.com/news/129798.html

## ဂျီအေပီနည်းဖြင့် စိုက်ပျိုးနှမ်းသီးနှံများ ဂျပန်နှင့်ကိုရီးယားသို့တင်ပို့ရန် ဒေသပေါက်ဈေးထက် ဈေးပိုပေးဝယ်ယူ



GAP နည်းစနစ်ဖြင့် စိုက်ပျိုးသော နှမ်းသီးနှံကို ဂျပန်နှင့်ကိုရီးယားနိုင်ငံသို့ နှမ်းတန်ချိန် ၄၀၀ တင်ပို့ရန် ဒေသပေါက်ဈေးထက် ဈေးပိုပေး၍ဝယ်ယူနေကြောင်း နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း SFDA (မကွေး) ဥက္ကဋ္ဌ ဦးကျော်ဦးထံမှသိရသည်။ ဂျပန်နိုင်ငံသို့ နှမ်းနက်တန်ချိန် ၃၀၀ နှင့် ကိုရီးယားနိုင်ငံသို့ နှမ်းဖြူတန်ချိန် ၁၀၀ တင်ပို့နိုင်ရေးအတွက် နှမ်းစိုက်တောင်သူများ ဖွံ့ဖြိုးတိုးတက်ရေးအသင်း SFDA (မကွေး) အဖွဲ့နှင့် ဂျပန်နိုင်ငံသို့ တင်ပို့မည့် အောင်ကျွန်းသာကုမ္ပဏီ၊ ကိုရီးယား နိုင်ငံသို့တင်ပို့မည့် ကောင်းကိုကုမ္ပဏီတို့ဖြင့်စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။ ကျွန်တော်တို့အသင်းအနေနဲ့ အသင်းအဖွဲ့ဝင်ကျေးရွာ ၄၂ ရွာမှ တောင်သူပေါင်း ၃၀၀၀ ထံက GAP စနစ်နဲ့ စိုက်ပျိုးတဲ့ နှမ်းနက်နဲ့ နှမ်းဖြူတွေကိုဝယ်ယူနေတာဖြစ်ပါတယ်။ ဒီနေ့အထိ နှမ်းနက်တင်းပေါင်း ၁၂၀၀ ခန့်နဲ့ နှမ်းဖြူ တင်းပေါင်း ၁၈၀၀ ခန့် ဝယ်ယူထားပြီးပါပြီ။ ဒေသပေါက်ဈေးထက် နှမ်းတစ်တင်း ကျပ် ၁၅၀၀ ဈေးပိုပေးပြီးဝယ်ယူနေ ပါတယ်ဟု SFDA (မကွေး) အသင်းဥက္ကဋ္ဌ ဦးကျော်ဦးကပြောဆိုသည်။

မကွေးကုန်စည်ဒိုင်မှ အောက်တိုဘာလအတွင်း နှမ်းနက်(စမုန်နက်) ၄၅ ပိဿာ သုံးတင်းလျှင် ငွေကျပ် ၂၄၄၀၀၀၊ နှမ်းနက်(ရိုးရိုး) ၄၅ ပိဿာ သုံးတင်းလျှင်ငွေကျပ် ၂၂၃၀၀၀၊ နှမ်းဖြူ ၄၅ ပိဿာ သုံးတင်းလျှင် ငွေကျပ် ၁၄၅၀၀၀၊ နှမ်းနီ ၄၅ ပိဿာ သုံးတင်းလျှင် ငွေကျပ် ၁၄၀၀၀၀ ဈေးများရှိပြီး ယခုနှစ်တွင် မကွေးတိုင်းဒေသကြီး အတွင်း နှမ်းစိုက်ဧကပေါင်း ၁၀၇၁၀၂၉ ဧကစိုက်ပျိုးနိုင်ခဲ့ကြောင်းသိရသည်။

**Source:** https://myanmar.mmtimes.com/news/129793.html

## သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေး လုပ်ငန်းစဉ်ဖြစ်သည့် MACCS စနစ်ကို ရန်ကုန်ဇရိယာနှင့် သီလဝါ အထူးစီးပွားရေးဇုန် အပါအဝင် ရေဆိပ်၊ လေဆိပ်နေရာ ၁၃ ခု၌ အသုံးပြုနေပြီး မူဆယ်နယ်စပ်တွင် ၂၀၂၀ နှစ်ကုန်ပိုင်း စတင်အသုံးပြုရန် ပြင်ဆင်လျက်ရှိ



သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေး လုပ်ငန်းစဉ်ဖြစ်သည့် MACCS စနစ်ကို ရန်ကုန်ဇရိယာနှင့် သီလဝါ အထူးစီးပွားရေးဇုန် အပါအဝင် ရေဆိပ်၊ လေဆိပ်နေရာ ၁၃ ခု၌ အသုံးပြုနေပြီး မူဆယ်နယ်စပ်တွင် ၂၀၂၀ နှစ်ကုန်ပိုင်း စတင်အသုံးပြုရန် ပြင်ဆင်လျက်ရှိကြောင်း အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်ကပြောကြားသည်။ MACCS စနစ်ကို ၂၀၂၀ ဘတ်ဂျက်နှစ်ကျမှ သုံးနိုင်မှာဖြစ်ပါတယ်။ အခုမှ ဘတ်ဂျက်နှစ် အစပဲရှိသေးတော့ အဲဒါလုပ်ဖို့အတွက် တင်ဒါလုပ်ငန်းစဉ်တွေ ဆောင်ရွက်နေပြီ။ ၂၀၂၀ နှစ်ကုန်လောက်မှ စနိုင်မယ်ဟု အကောက်ခွန်ဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးဝင်းသန့်က ပြောကြားသည်။

သွင်းကုန်/ထုတ်ကုန် ရှင်းလင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေရန်အတွက် Myanmar Automated Cargo Clearance System (MACCS) စနစ်ကို ရန်ကုန်ဇရိယာနှင့် သီလဝါအထူးစီးပွားရေးဇုန် အပါအဝင် ရေဆိပ်၊ လေဆိပ် နေရာ ၁၃ ခုတွင် ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်က စတင်အသုံးပြုခဲ့ကြောင်းသိရသည်။ MACCS စနစ်ကို ကျင့်သုံးနေသော်လည်း အချို့ အပိုင်းတွေမှာ Online ရော စာရွက်စာတမ်းရော အသုံးပြုနေတဲ့အတွက် မလိုလားအပ်ဘဲ အဆင်မပြေမှုတွေ ရှိနေပါတယ်။ Fully Online (Paperless) အနေနဲ့ဖြစ်အောင် ဆောင်ရွက်သင့်ပါတယ်။ အထူးသဖြင့် Payment အပိုင်းမှာလည်း Online နဲ့ ချိတ်ဆက် ဆောင်ရွက်သင့်ပါတယ်။ ဒါမှသာ Fully Online ဖြစ်ပြီး ကုန်သွယ်မှု လွယ်ကူစေမှာ ဖြစ်ပါတယ်ဟု မြန်မာနိုင်ငံ အထည်ချုပ် လုပ်ငန်းရှင်များအသင်းမှ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်က နိုင်ငံ့စီးပွားဖွံ့ဖြိုး တိုးတက်မှုအတွက် အထောက်အကူပြုရန် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ အကောက်ခွန်ဦးစီးဌာနမှ တာဝန်ရှိသူများနှင့်ပုဂ္ဂလိကလုပ်ငန်းရှင်များ ပါဝင်သော စီးပွားရေး စကားဝိုင်းတွင် ပြောကြားခဲ့ကြောင်း နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြထားသည်။

MACCS စနစ်ဟာ လက်ရှိအနေအထားအရ Fully Online မဖြစ်သေးပါဘူး။ ဖြစ်အောင်လည်း ဆောင်ရွက်နေပါတယ်။ အထူးသဖြင့် Payment ပိုင်းမှာ Bank တွေနဲ့ ချိတ်ဆက်ဆောင်ရွက်မှုတွေမှာ အားနည်းချက်တွေ ရှိနေပါသေးတယ်။ လက်ရှိအချိန်မှာ ကုန်သွယ်မှု တိုးတက်များပြားလာတာတွေ၊ စစ်ဆေးရေး စခန်းတွေ တိုးချဲ့ဖို့နဲ့ Dry Port တွေ တိုးချဲ့မှာ ဖြစ်တဲ့အတွက် ဝန်ထမ်းအင်အား တိုးချဲ့ဖွဲ့စည်းဖို့ လိုအပ်နေပါတယ်။ လက်ရှိအချိန်မှာလည်း ဝန်ထမ်းအင်အားနည်းပါးတဲ့ အတွက် လုပ်ငန်းဆောင်ရွက်ရာမှာ အခက်အခဲတွေနဲ့ ရင်ဆိုင်နေရပါတယ်။ ဝန်ထမ်းအင်အား တိုးချဲ့ဖွဲ့စည်းပေးဖို့ တင်ပြထားပါတယ်ဟု အကောက်ခွန် ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်ကပြောကြားသည်။ တကယ်လို့ Dry Port တွေ Bonded Warehouse တွေ လုပ်တော့မယ်ဆိုရင် ဝန်ထမ်းအင်အား မဖြစ်မနေ လိုအပ်လာမှာ ဖြစ်ပါတယ်။ နောက်တစ်ခါ ကုန်သွယ်မှု တိုးမြှင့်ဖို့အတွက် နိုင်ငံတော်က ဆောင်ရွက်နေပါတယ်။ အိမ်နီးချင်းနိုင်ငံများ နယ်စပ်ဒေသကုန်သွယ်မှု Border

Trade နဲ့ဆက်စပ်ပြီး တိုးမြှင့်ဆောင်ရွက် နေတာတွေကြောင့် အကောက်ခွန်ဦးစီးဌာနအနေနဲ့လည်း တိုးမြှင့်ဆောင်ရွက် နေတာနဲ့အမျှ နေရာတိုင်းမှာ ဝန်ထမ်းတွေကို ပို့ရတော့မယ်။ သင်တန်းတွေလည်းပေးရမယ်။ တော်တော်လေးပြောင်းလဲသင့် တာက ဝန်ထမ်းအင်အားတိုးချဲ့ဖို့ပါပဲ။ ဝန်ထမ်းအင်အားတိုးချဲ့မှသာ ကျွန်မတို့အတွက် ကုန်သွယ်မှုမှာ တော်တော်လေး အဆင်ပြေမယ်လို့ထင်ပါတယ်ဟု ဒေါ်ခိုင်ခိုင်နွယ်က ပြောကြားသည်။

သွင်းကုန်၊ ထုတ်ကုန်ရှင်းလင်းရေး လုပ်ငန်းစဉ်များ ရှင်းလင်းလွယ်ကူစေရန်အတွက် Myanmar Automated Cargo Clearance System (MACCS) စနစ်ကို ပထမအဆင့်အနေဖြင့် မြန်မာ-ထိုင်း နယ်စပ်ရှိ မြဝတီနယ်စပ်၌ ၂၀၁၈ ခုနှစ် ဇွန် ၅ ရက်တွင် စတင်အသုံးပြုဆောင်ရွက်ခဲ့ပြီး ဆက်လက်၍အခြားနယ်စပ်များတွင် တစ်ဆင့်ပြီးတစ်ဆင့် တိုးချဲ့အကောင် အထည်ဖော်ဆောင်ရွက်မည်ဖြစ်ကြောင်း ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်ကပြောကြားသည်။

**Source:** https://news-eleven.com/article/141243

## မကွေးခရိုင်အတွင်း မြေပဲများ ထွက်နှုန်းကောင်းသော်လည်း လုပ်သားရှားပါးမှုကြောင့် အချိန်မီနုတ်သိမ်းရန် အခက်အခဲများဖြစ်ပေါ်ပြီး လုပ်သားခကုန်ကျစရိတ်များပြား



မကွေးခရိုင်အတွင်း အောက်တိုဘာလဆန်းပိုင်းက စတင်နုတ်သိမ်းနေသည့် မြေပဲစိုက်ခင်းများတွင် မြေပဲများထွက်နှုန်းကောင်းသော်လည်း လုပ်သားရှားပါးမှုကြောင့် အချိန်မီနုတ်သိမ်းရန် အခက်အခဲများဖြစ်ပေါ်ပြီး လုပ်သားခကုန်ကျစရိတ် များပြားလျက်ရှိကြောင်း ဒေသခံတောင်သူများထံမှသိရသည်။ မကွေးရိုင် မကွေး၊ ရေနံချောင်း၊ နတ်မောက်၊ ချောက် စသည့်မြို့နယ်များတွင် သက်ရင့် (ပင်ပြန့်) မြေပဲနှင့် သက်နု (ပင်ထောင်) မြေပဲများ စိုက်ပျိုးလေ့ရှိကြောင်း၊ အောက်တိုဘာလ ဆန်းပိုင်းမှစ၍ မြေပဲများ နုတ်သိမ်းခဲ့ရာ လုပ်သားမလုံလောက်မှုကြောင့် အချိန်နှင့်တစ်ပြေးညီ နုတ်သိမ်းပြီးစီးရန် အခက်အခဲများ ဖြစ်ပေါ်နေကြောင်း၊ ထို့ပြင် လက်ရှိ မြေပဲ အတောင့်အစိုတစ်တင်းလျှင် ကျပ်တစ်သောင်းဝန်းကျင်သာ ပေါက်ဈေး ရှိသော်လည်း မြေပဲခူးဆွတ်ခအတွက် တစ်တင်းလျှင် ကျပ် ၁၅၀၀ ပေးရကြောင်း၊ မြေပဲခူးဆွတ်ခအပြင် နွားရှဉ်းခနှင့် သယ်ယူစရိတ်များလည်း ကုန်ကျသေးသောကြောင့် ငွေရင်းထုတ်၍ မြေပဲစိုက်ပျိုးခဲ့ရသည့် တောင်သူများအတွက် အခက်အခဲများ ကြုံတွေ့နေရကြောင်းသိရသည်။

မိုးလယ်ပိုင်းကစပြီး မိုးနှောင်းပိုင်းအထိ မိုးတွေကောင်းခဲ့တော့ အခုနှစ်မှာ မြေပဲတွေက ထွက်နှုန်းကောင်းကြပါတယ်။ ဒါပေမဲ့ မြေပဲဖော်ဖို့ ထွန်ယက်ခအတွက် နွားတစ်ရှဉ်းကို တစ်နေကုန်စာ ကျပ် ၁၅၀၀၀ နဲ့ ခူးဆွတ်ခက မြေပဲအတောင့် တစ်တင်းကို ကျပ် ၁၅၀၀ ပေးရပါတယ်။ အဲဒါတွေက အခုမြေပဲ ဖော်ချိန်မှာ ကုန်ကျတဲ့စရိတ်တွေပါ။ တကယ်တမ်း စပြီး စိုက်စဉ်ကတည်းက မျိုးစေ့ဖိုးတွေ၊ ထွန်ယက်ခတွေ၊ ဆေးဖိုးတွေပါ တွက်လိုက်ရင် မြေပဲထွက်နှုန်း တကယ်ကောင်းတောင်မှ

အမြတ်ကပါးပါးပဲကျန်တဲ့ အနေအထားပါဟု ရေနံချောင်းမြို့နယ် ဥသျှစ်ကုန်းကျေးရွာမှ တောင်သူဦးစိုးပိုင်ကဆိုသည်။

မြေပဲအဆန်တစ်တင်း စိုက်ပျိုးချိန်မှ ရိတ်သိမ်းပြီးသည်အထိ မျိုးစေ့ဖိုး၊ ထွန်ယက်ခ၊ မြေဩဇာဖိုးနှင့် လုပ်သားခများအတွက် ကျပ်နှစ်သိန်းခန့် ကုန်ကျစရိတ်ရှိကြောင်း၊ မကွေးခရိုင်အတွင်း ယခုလက်ရှိ နုတ်သိမ်းနေသည့် ပင်ထောင်မြေပဲခင်းများတွင် မြေပဲအဆန်တစ်တင်း စိုက်ပျိုးသည့်အခင်းမှ မြေပဲအတောင့် တင်း ၂၀ ကျော်မှ တင်း ၃၀ ခန့်အထိ ထွက်နှုန်းရှိကြောင်း၊ လက်ရှိတွင် ပင်ထောင်မြေပဲအစိ တစ်တင်းလျှင် ကျပ်တစ်သောင်းဝန်းကျင်သာပေါက်ဈေးရှိသောကြောင့် မြေပဲအဆန် တစ်တင်းစိုက်ပျိုး၍ မြေပဲအတောင့် တင်း ၃၀ ရရှိသည့် တောင်သူအတွက်ပင်လျှင် အမြတ်အနည်းငယ်သာရရှိကြောင်း သိရသည်။ ရာသီဥတုတွေကဖောက်ပြန်၊ လုပ်သားကရှားပါးဆိုတော့ အခုနှစ်ပိုင်းတွေမှာ တောင်သူလုပ်ရတာက အရှုံးပဲများပါတယ်။ အခုနှစ်မှာ အရင်နှစ်တွေထက် မိုးကောင်းလို့ မြေပဲတွေထွက်နှုန်းကောင်းတယ်ဆိုပေမဲ့ လုပ်သားကရှားတော့ ကုန်ကျစရိတ်တွေများပြီး ငွေရင်းထုတ်စိုက်ပျိုးသူတွေက ကူလီနဲ့တစ်ယောက်တစ်ဝက် ခွဲယူနေကြရသလိုပါပဲဟု မကွေးမြို့နယ်အတွင်းမှ တောင်သူတစ်ဦးကဆိုသည်။

**Source:** https://news-eleven.com/article/141248

## မော်ကျွန်းတွင် အိန္ဒိယဒန့်သလွန် မျိုးစေ့ချစိုက်ပျိုးနည်းပြသ စီးပွားဖြစ် တစ်ဧကစိုက်ပျိုးလျှင် အပင် ၄၀၀ ကျော်ဝင်ဆံ့



ဆေးဖက်ဝင်ဈေးကွက်ရှိ အိန္ဒိယ ခြောက်လဒန့်သလွန် စိုက်ပျိုးရေးနည်းပညာပေးဆွေးနွေးပွဲနှင့် ဒန့်သလွန်ပင်မျိုးစေ့ချ လက်တွေ့စိုက်ပျိုးနည်းပြသပွဲကို အောက်တိုဘာ ၁၇ ရက် နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ကွဲခြံရေကျော်ကျေးရွာအုပ်စု ရေကျော်-ဇီးဖြူကျေးရွာ သုမေဓာဓမ္မာရုံ၌ ကျင်းပရာ ဒေသခံပြည်သူ ၁၂၆ ဦး တက်ရောက်ကြသည်။

အိန္ဒိယဒန့်သလွန်စိုက်ပျိုးရေး နည်းပညာပေးဆွေးနွေးပွဲတွင် စိုက်ပျိုးရေးပညာရှင် ဦးလှမြင့် (စိုက်ပျိုးရေး-ငြိမ်း) နှင့် စိုက်ပျိုးရေးသုတေသီ ဦးမြင့်အောင် (မော်ကျွန်း-မြင့်အောင်) တို့က စီးပွားဖြစ်စိုက်ပျိုးလိုသူများအနေဖြင့် တစ်ပိုင်တစ်နိုင် တစ်အုပ်တစ်မ စိုက်ခင်းများ အကောင်အထည်ဖော်စိုက်ပျိုးရန်၊ မြေအစိုဓာတ်ရှိချိန် အောက်တိုဘာလမှစ၍ အချိန်၊ အခါမီစိုက်ပျိုးကြရန်လိုအပ်ကြောင်း ရှင်းလင်းဆွေးနွေးသည်။

**လက်တွေ့ပြသ**

ထို့နောက် သုမေဓာဓမ္မာရုံတွင် အိန္ဒိယ ခြောက်လဒန့်သလွန်စိုက်ပျိုးနည်းကို တောင်သူ ဦးမျိုးနိုင်နှင့် ဦးမာဃတို့က အမှတ်တရ လက်တွေ့စိုက်ပျိုးပြသကြရာ ဒေသခံဒန့်သလွန်စိုက် တောင်သူများ လေ့လာကြည့်ရှုခဲ့ကြသည်။

**Source:** https://myanmar.mmtimes.com/news/129797.html

# မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ခရီးသွားများပိုမိုအဆင်ပြေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းနိုင်ရေးအပါအဝင် လတ်ဆတ်သည့် မြန်မာ့ပင်လယ်စာ ထွက်ကုန်များ နီပေါသို့တင်ပို့နိုင်ရေးဆောင်ရွက်မည်




မြန်မာ-နီပေါ နှစ်နိုင်ငံအကြား ခရီးသွားများ ပိုမိုအဆင်ပြေရန်အတွက် တိုက်ရိုက်လေကြောင်းလိုင်းများ ပျံသန်းနိုင်ရေးအပါအဝင် လတ်ဆတ်သည့် မြန်မာ့ပင်လယ်စာထွက်ကုန်များ နီပေါသို့ တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၁၉ ရက်က ရန်ကုန်မြို့ရှိ Chatrium ဟိုတယ်၌ ကျင်းပသည့် "Myanmar – Nepal Chamber of Commerce & Myanmar – Nepal Frienship Association Organized Talk Program on Myanmar – Nepal Frienship & Business Opportunities" အခမ်းအနားမှ သိရသည်။ မြန်မာနဲ့နီပေါ တိုက်ရိုက်လေယာဉ်ပျံဖို့ အဓိကဆွေးနွေးပြီး လုပ်နေ တယ်။ တိုက်ရိုက်လေယာဉ်ပျံနိုင်တာနဲ့ နီပေါနိုင်ငံက ကုန်းတွင်းပိတ်နိုင်ငံဖြစ်တယ်။ မြန်မာနိုင်ငံမှာကျတော့ ဒီပင်လယ်နဲ့ ချောင်းတွေပေါတဲ့နိုင်ငံဖြစ်တဲ့အတွက် အဓိကတော့ fresh seafood တွေ၊ fresh vegetable တွေကို Export လုပ်ချင်တယ်။ ပြီးတော့ ဘုရားဖူးအပြင် နီပေါနိုင်ငံမှာရှိတဲ့ တခြားယဉ်ကျေးမှု အထင်ကရရှိတဲ့နေရာတွေ ပြီးတော့ သဘာဝပတ်ဝန်းကျင် အလှအပတွေ အများကြီးရှိတယ်။ ကမ္ဘာ့အမြင့်ဆုံး ဧဝရတ်တောင်ကြီးကလည်း နီပေါမှာရှိတယ်ဟု အဝေးရောက် နီပေါ နိုင်ငံသားအသင်း၊ ဥက္ကဋ္ဌ S.B CHETRY က ပြောကြားသည်။ အထူးသဖြင့် ပင်လယ်စာခက်တယ်။ ရတော့ရတယ်။ ရေခဲရိုက်တွေ အကြာကြီးထားပြီးတော့မှရောက်တယ်။ တကယ်လို့များ တိုက်ရိုက်လေယာဉ် ပျံသန်းနိုင်မယ်ဆိုရင် အချိန်ပိုင်း နှစ်နာရီခွဲ သာသာပဲ ကြာပါတယ်။ တိုက်ရိုက်ပျံသန်းနိုင်ရင် တစ်နေ့တည်းနဲ့ ရတာပေါ့ဟု ၎င်းကဆက်လက်ပြောကြားသည်။ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဘီဒီယာ ဒေဗီဘန်ဒါရီတို့သည် အောက်တိုဘာ ၁၇ ရက်က နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော်၊ သံတမန်ဆောင် ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးခဲ့ကြောင်း နိုင်ငံတော်သမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အဆိုပါ တွေ့ဆုံဆွေးနွေးပွဲတွင် နှစ်နိုင်ငံပြည်သူများအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ရေး၊ ခရီးသွားနှင့် ယဉ်ကျေးမှု ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံအကြား နိုင်ငံတကာ မျက်နှာစာ၌ အပြန်အလှန် ပူးပေါင်း ဆောင်ရွက်ရေး၊ Communication Sector ထူထောင်ပြီး နှစ်နိုင်ငံ သတင်းအချက်အလက်များ ဖလှယ်နိုင်ရေးအတွက် ပူးပေါင်း ဆောင်ရွက်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် နီပေါနိုင်ငံ၌ ကျင်းပမည့် အပြည်ပြည်ဆိုင်ရာ ရာသီဥတုပြောင်းလဲမှု ညီလာခံသို့ မြန်မာနိုင်ငံမှ အဆင့်မြင့်ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ရေး၊ ၂၀၂၀ ပြည့်နှစ်တွင် ကျရောက်မည့် နှစ်နိုင်ငံ သံတမန် ဆက်ဆံရေး ထူထောင်မှု နှစ် (၆၀) ပြည့်အခမ်းအနားများ ကျင်းပရေးတို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြောင်း ထုတ်ပြန်ချက်အရ သိရသည်။ ထို့နောက် ဆွေးနွေးပွဲအပြီးတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတ မစ္စစ်ဘီဒီယာဒေဗီဘန်ဒါရီတို့သည် မြန်မာ-နီပေါနှစ်နိုင်ငံ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲသို့ တက်ရောက်

ခဲ့ကြောင်းသိရသည်။

အဆိုပါ လက်မှတ်ရေးထိုးပွဲတွင် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ သမ္မတတို့ ရှေ့မှောက်၌ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရနှင့် နီပေါဖက်ဒရယ် ဒီမိုကရက်တစ်သမ္မတနိုင်ငံ အစိုးရတို့အကြား ယဉ်ကျေးမှုပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီး သူရဦးအောင်ကိုနှင့် နီပေါနိုင်ငံခြားရေးဝန်ကြီး မစ္စတာပရာဒိပ်ကူမာဂျာဝါလီတို့ကလည်းကောင်း၊ မြန်မာနိုင်ငံနှင့် နီပေါနိုင်ငံတို့အကြား ခရီးသွားလုပ်ငန်းပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေး ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်နီပေါနိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပရာဒိပ်ကူမာဂျာဝါလီတို့က လက်မှတ်ရေးထိုးပြီး အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်းသိရသည်။

**Source:** https://news-eleven.com/article/141098

## ကမ္ဘာ့ရေနံဈေး တစ်စည် ၅၃ ဒေါ်လာဝန်းကျင်ရှိပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ပြီးခဲ့သည့်တစ်ပတ်ထက် တစ်လီတာ ၁၀ ကျပ် ဆက်လက်မြင့်တက်



အောက်တိုဘာ ၁၈ ရက်တွင် ကမ္ဘာ့ရေနံဈေး ၅၃ ဒေါ်လာဝန်းကျင် ရှိပြီး ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ပြီးခဲ့သည့် တစ်ပတ်ထက် တစ်လီတာ ၁၀ ကျပ် ဆက်လက်မြင့်တက်ခဲ့ကြောင်း စက်သုံးဆီ အရောင်းဆိုင်များ၏ နေ့စဉ်ရောင်းချနေသော ဈေးနှုန်းများအရသိရသည်။ ကမ္ဘာ့ရေနံဈေးနှုန်းသည် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၃ ရက် တွင် ၇၆ ဒေါ်လာအထိ မြင့်တက်ခဲ့သည်။ ထို့နောက် ရေနံဈေးနှုန်းများ ပြန်လည် ကျဆင်းခဲ့ရာ ဒီဇင်ဘာ ၂၄ ရက် တွင် ၄၂ ဒေါ်လာဝန်းကျင်အထိ ရောက်ခဲ့ သည်။ ၂၀၁၉ ခုနှစ် ဇန်နဝါ ရီ ၂၁ ရက်တွင် ၅၄ ဒေါ်လာဝန်းကျင်၊ ဇန်နဝါရီ ၂၉ ရက်တွင် ၅၂ ဒေါ်လာ၊ မတ် ၂၀ ရက်တွင် ဒေါ်လာ ၆၀၊ ဧပြီ ၁၆ ရက်တွင် ၆၄ ဒေါ်လာ၊ ဧပြီ ၂၃ ရက်တွင် ၆၆ ဒေါ်လာအထိ ပြန်တက်ခဲ့သည်။ ထို့နောက် ဇွန် ၁၂ ရက်တွင် ၅၁ ဒေါ်လာအထိ ကျဆင်း ခဲ့ပြီး ဇူလိုင် ၁၀ ရက်တွင် ဒေါ်လာ ၆၀ အထက် ပြန်ရောက်ကာ ဩဂုတ် ၇ ရက်တွင် ၅၁ ဒေါ်လာအထိ ပြန် ကျခဲ့သည်။ စက်တင်ဘာ ၃ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင်အထိ ကျဆင်း ခဲ့ပြီး စက်တင်ဘာ ၁၆ ရက်တွင် ၆၂ ဒေါ်လာဝန်းကျင်အထိ မြင့်တက်ခဲ့ကာ အောက်တိုဘာ ၁၈ ရက်တွင် ၅၃ ဒေါ်လာဝန်းကျင် ဖြစ်ပေါ်ခဲ့သည်။ အောက်တိုဘာ ၁၈ ရက်တွင် ပြည်တွင်း စက်သုံးဆီဆိုင် အချို့တွင် ရောင်းချခဲ့သော ဈေးနှုန်းမှာ ဒီဇယ်တစ်လီတာ ၉၄၅ ကျပ် (တစ်ဂါလန် ၄၂၉၅ ကျပ်)၊ ပရီမီယံဒီဇယ် တစ်လီတာ ၉၅၅ ကျပ် (တစ်ဂါလန် ၄၃၄၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ၈၄၅ ကျပ် (တစ်ဂါလန် ၃၈၄၁ ကျပ်)၊ အောက်တိန်း 95 တစ်လီတာ ၉၄၅ ကျပ် (တစ်ဂါလန် ၄၂၉၅ ကျပ်) ဖြစ်ပြီး အောက်တိုဘာ ၁၀ ရက်မှ ၁၆ ရက်အတွင်း ဖြစ်ပေါ်ခဲ့သောဈေးနှင့် နှိုင်းယှဉ်ပါက ပြည်တွင်း စက်သုံးဆီ ဈေးနှုန်းများ တစ်လီတာ ၁၀ ကျပ် ဆက်လက်မြင့်တက်ခဲ့သည်။

ပြည်တွင်းစက်သုံးဆီဈေးသည် ၂၀၁၉ ခုနှစ် ဇန်နဝါရီလဆန်းမှ မေလကုန်ပိုင်းအထိ ခြောက်လနီးပါး အတွင်း တစ်လီတာ

ကျပ် ၁၆၀ မှ ၂၅၅ ကျပ်အထိ ဆက်တိုက်မြင့်တက် ခဲ့ပြီး စက်သုံးဆီအမျိုးအစားအလိုက် ၁၈ ရာခိုင်နှုန်းကျော်မှ ၃၆ ရာခိုင်နှုန်း ကျော် မြင့်တက်ခဲ့သည်။ ထို့နောက် ကမ္ဘာ့ရေနံဈေးကျဆင်းမှုကြောင့် မေ ၃၀ ရက်မှ ဇွန် ၂၁ ရက်အတွင်း စက် သုံးအမျိုးအစား အလိုက် ၁၁ ရာခိုင်နှုန်းကျော်မှ ၁၄ ရာခိုင်နှုန်းကျော် အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၉ ရက်အထိ စက်သုံးဆီဈေးနှုန်းများ သုံးရာခိုင်နှုန်း ကျော်မှ လေးရာခိုင်နှုန်းကျော်အထိ ပြန်တက်ခဲ့သည်။ ဇူလိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အတွင်း သုံးရာခိုင် နှုန်းကျော်မှ ငါးရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းများပြန်ကျလာပြီး ဩ ဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက် အထိ ခုနစ်ရာခိုင်နှုန်းကျော်မှ ကိုးရာခိုင်နှုန်းနီးပါးအထိ ပြန်တက်လာခဲ့သည်။ စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ စက်သုံးဆီဈေးနှုန်း လေးရာခိုင်နှုန်းကျော် ပြန်လည်ကျဆင်းခဲ့ခြင်းဖြစ်သည်။ ဒေါ်လာဈေးနှင့် ကမ္ဘာ့ရေနံဈေးနှုန်း အပြိုင် မြင့်တက်ခဲ့သည့် ၂၀၁၈ ခုနှစ် ဇွန်မှ အောက်တိုဘာအထိ လေးလကျော်အတွင်း ပြည်တွင်းစက်သုံးဆီဈေးနှုန်း ၂၁ ရာခိုင်နှုန်း ကျော်အထိ မြင့်တက်ခဲ့ပြီး တစ်လီတာစံချိန်တင်ဈေးနှုန်းများအနေဖြင့် ၂၀၁၈ ခုနှစ် အောက်တိုဘာ ၁၀ ရက်တွင် 92 Ron ၁၀၆၅ ကျပ်၊ 95 Ron ၁၁၁၅ ကျပ်၊ ဒီဇယ် ၁၀၉၅ ကျပ်၊ ပရီမီယံဒီဇယ် ၁၁၀၅ ကျပ်အထိ ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ် အောက်တိုဘာလအတွင်း ဖြစ်ပေါ်ခဲ့သည့် စံချိန်တင် ဈေးနှုန်းနောက်ပိုင်း ၂၀၁၉ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် အနိမ့်ဆုံးဈေး နှုန်းအဖြစ် ဒီဇယ်တစ်လီတာ ကျပ် ၈၅၀ (တစ်ဂါလန် ၃၈၅၉ ကျပ်) ပရီမီယံဒီဇယ် တစ်လီတာ ကျပ် ၈၅၅ (တစ် ဂါလန် ၃၈၈၁ ကျပ်)၊ အောက်တိန်း 92 Ron တစ်လီတာ ကျပ် ၆၇၀ (တစ်ဂါလန် ၃၀၄၁ ကျပ်)၊ အောက်တိန်း 95 Ron တစ်လီတာ ကျပ် ၇၃၀ (တစ်ဂါလန် ၃၃၁၄ ကျပ်) အထိ ကျဆင်းခဲ့သည်။ ၂၀၁၉ ခုနှစ်အတွင်း လအလိုက်၊ စက်သုံးဆီဈေးနှုန်း (လီတာ) များအလိုက် မြင့်တက်ခဲ့သော ပမာဏမှာ ဇန်နဝါရီတွင် ၂၅ ကျပ်မှ ကျပ် ၆၀ အထိ၊ ဖေဖော်ဝါရီတွင် ကျပ် ၄၀၊ မတ်တွင် ၅၅ ကျပ်မှ ကျပ်၈၀ အထိ၊ ဧပြီတွင် ၃၅ ကျပ်မှ ၆၅ ကျပ်အထိ ဈေးနှုန်းများ ဆက်လက်မြင့်တက်ခဲ့ပြီး မေတွင် အတက် အကျနည်းပါးခဲ့ကာ ဇွန် (၂၁ ရက်အထိ) တွင် ကျပ် ၁၁၀ မှ ကျပ် ၁၃၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ထို့နောက် ဇွန် ၂၁ ရက်မှ ဇူလိုင် ၁၅ ရက်အတွင်း တစ်လီတာ ၃၅ ကျပ်ပြန်လည်မြင့်တက်ခဲ့ပြီး ဇူ လိုင် ၁၉ ရက်မှ ဩဂုတ် ၁၀ ရက်အထိ တစ်လီတာ ၃၅ ကျပ်မှ ကျပ် ၅၀ အထိ ပြန်လည်ကျဆင်းခဲ့သည်။ ဩဂုတ် ၁၅ ရက်မှ စက်တင်ဘာ ၂၅ ရက် အတွင်း တစ်လီတာ ကျပ် ၇၀ အထိ ပြန်တက်ခဲ့ပြီး စက်တင်ဘာ ၂၅ ရက်မှ အောက်တိုဘာ ၄ ရက်အထိ တစ်လီတာ ကျပ် ၄၀ ပြန်လည်ကျဆင်းခဲ့ခြင်း ဖြစ်သည်။

**Source:** https://news-eleven.com/article/141246

## ဘင်္ဂလားဒေ့ရှ်ဘက် တင်ပို့မှုပိုများလာသဖြင့် မောင်တောတွင် ကြက်သွန်နီဈေးတက်

ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်ခြမ်းကို ကြက်သွန်နီတင်ပို့မှု ပိုမိုများပြားနေတာကြောင့် ရခိုင်ပြည်နယ် မောင်တောမှာ ကြက်သွန်နီ ဈေး မြင့်တက်နေတယ်လို့သိရပါတယ်။ မောင်တောနယ်စပ်ကုန်သွယ်ရေး စခန်းတာဝန်ခံ ဦးသာထွန်းစိန်က ကြက်သွန်နီ တင်ပို့မှုက အရင်လတွေကလည်းရှိပါတယ်။ ဒါပေမဲ့ စက်တင်ဘာလကစပြီးတော့ တင်ပို့မှုက ပိုများလာတယ်။ မောင်တော နယ်စပ်ကုန်သွယ်ရေးစခန်းအပြင် စစ်တွေနယ်စပ်ကုန်သွယ်ရေးစခန်းကလည်း တင်ပို့တာတွေများတယ်လို့ပြောပါတယ်။ မောင်တောနယ်စပ်ကုန်သွယ်ရေးစခန်းမှ စတင်ဘာလအတွင်း ကြက်သွန်နီတန်ချိန် ၁၈၀ တင်ပို့နိုင်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၇၉၉၅၀ အထိ တင်ပို့နိုင်ခဲ့တယ်လို့ဆိုပါတယ်။

မောင်တောမြို့ ကြက်သွန်နီ အရောင်းဆိုင်ရှင် မဇင်မာမြင့်က ကြက်သွန်နီက အရင်စျေးတစ်ပိဿာကို ၁၂၀၀ လောက်ပဲ ရှိတာပါ။ အခုကတော့ ၁၅၀၀ ကျော်သွားပါပြီ။ ပြည်ဘက်ကဆင်းလာတဲ့ ကြက်သွန်တွေက ဘင်္ဂလားဘက်ကို တိုက်ရိုက်ယူထားတာကြောင့် စျေးမြင့်တက်သွားတာပါလို့ ပြောပါတယ်။ ပိတ်ပင်လိုက်တဲ့အတွက်၊ အိမ်နီးချင်း ဘင်္ဂလားဒေ့ရှ်မှာ ကြက်သွန်နီ ရှားပါးသွားပြီး စျေးကြီးမြင့်သွားတာလို့ သိရပါတယ်။

မှတ်သုံရာသီအတွင်း အိန္ဒိယနိုင်ငံမှာ မိုးကြီးပြီး ကြက်သွန်စိုက်ခင်းတွေပျက်စီးသွားကာ အထွက်လျော့လာလို့ အောက်တိုဘာလဆန်းပိုင်းကစတင်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကြက်သွန်နီတင်ပို့မှု ပိတ်ပင်လိုက်တာကြောင့် ဘင်္ဂလားဒေ့ရှ်ကုန်သည်တွေက မြန်မာဘက်က ကြက်သွန်နီတွေ အလုအယက်ဝယ်ယူနေကြတာပါ။ ဘင်္ဂလားဒေ့ရှ်မှာ ကြက်သွန်နီဟာ မရှိမဖြစ်တဲ့ လိုအပ်တဲ့စားသုံးကုန်တခုလည်းဖြစ်ပါတယ်။ ဘင်္ဂလားဒေ့ရှ်ရဲ့ ကြက်သွန်နီလိုအပ်မှု သုံးပုံနှစ်ပုံကို ပြည်တွင်းမှာ စိုက်ပျိုးထုတ်လုပ်ပြီး ကျန်တပုံကို အိန္ဒိယကနေတင်သွင်းခဲ့တာပါ။

**Source:** https://www.facebook.com/kope.aung/posts/2467503273518883

## တရုတ်ရင်းနှီးမြှုပ်နှံမှု စီမံကိန်းများအတွက် ကြိုလေ့လာသင့်ဟု အမေရိကန်စီးပွားရေးပညာရှင်ပြော

မြန်မာနိုင်ငံမှာ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေနဲ့ပတ်သက်ပြီး နောင်လာမယ့်စီမံကိန်းတွေအတွက် ကြိုတင်လေ့လာမှုတွေ ပြုလုပ်သင့်တယ်လို့ အမေရိကန် စီးပွားရေးသုတေသနပညာရှင်ကပြောပါတယ်။ မြန်မာနိုင်ငံအတွင်း ဝင်ရောက်လာတဲ့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေနဲ့ ပတ်သက်ပြီး Building and Buying: How State-backed Investment Wields Influence ခေါင်းစဉ်နဲ့ ဟောပြောပွဲကို အောက်တိုဘာလ ၁၉ရက်နေ့က မန္တလေးမြို့ ဂျက်ဖာဆန်စင်တာမှာ ပြုလုပ်ခဲ့ပါတယ်။ ဒေသတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတွေမှာ ကျယ်ကျယ်ပြန့်ပြန့် လေ့လာမှုအတွေ့အကြုံရှိတဲ့ အမေရိကန်နိုင်ငံသား မက်သရူးဖားချဲန်က ဦးဆောင်ဆွေးနွေးခဲ့ပါတယ်။ ဒီဆွေးနွေးပွဲကတော့ ကမ္ဘာအနှံ့မှာရှိတဲ့ တရုတ်ရဲ့ရင်းနှီးမြှုပ်နှံမှုတွေနဲ့ ပတ်သက်ပြီး ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေးဖွံ့ဖြိုးလာဖို့အတွက်သိရှိစေဖို့ ပြုလုပ်တာလို့ဆိုပါတယ်။

တရုတ်နိုင်ငံဟာ ကမ္ဘာအနှံ့မှာ ငွေကြေးကဏ္ဍ၊ စီးပွားရေးကဏ္ဍ၊ ကုန်သွယ်ရေးကဏ္ဍ၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းတွေကို အဓိက လုပ်ကိုင်နေတာဖြစ်ပြီး တရုတ်နိုင်ငံရဲ့ စီးပွားရေး စီမံကိန်းတချို့ကြောင့် ရလဒ်ကောင်းတွေ ရေရှည်တည်တံ့အောင် စီမံပေးနိုင်တာရှိသလို ခက်ခဲမှုတွေ၊ ဆုတ်ယုတ်မှုတွေ၊ ဆိုကျိုးရှိတာတွေကိုလည်း တွေ့နိုင်တယ်လို့ မက်သရူးဖားချဲန်က ပြောပါတယ်။ သဘာဝပတ်ဝန်းကျင်နဲ့ပတ်သက်တဲ့ စီမံကိန်းတွေမှာဆိုရင်တော့ အခက်အခဲတွေရှိတယ်။ တချို့ဟာတွေက ဆုတ်ယုတ်သွားတာတွေရှိတယ်။ တခြားတဖက်မှာလည်း ကောင်းတဲ့ရလဒ်တွေကို ဖော်ဆောင်ပေးနိုင်မယ့် စီမံကိန်းတွေလည်းရှိပါတယ်။ ဒါကြောင့် တချို့စီမံကိန်းတွေက ရလဒ်တွေကောင်းတယ်၊ ရေရှည်တည်တံ့ခိုင်မြဲတဲ့ စီးပွားရေး လုပ်ငန်းတွေကို ဦးတည်နေပေမယ့်လည်း တချို့စီမံကိန်းတွေကတော့ ဆိုးကျိုးတွေရှိစေနိုင်တာကိုတွေ့ရပါတယ်။ တရုတ်နိုင်ငံနဲ့ စီးပွားရေးလက်တွဲလုပ်ဆောင်ရာမှာ အတွေ့အကြုံဟောင်းတွေကနေ သင်ခန်းစာယူပြီး နောင်လာမယ့် စီမံကိန်းတွေအတွက် ကြိုတင်လေ့လာသင့်သလို တခြားနိုင်ငံတွေမှာ တရုတ်ကရင်းနှီးမြှုပ်နှံထားတဲ့ စီးပွားရေးမူဝါဒတွေ၊ လုပ်ဆောင်မှု

တွေကိုလည်း သင်ခန်းစာယူ လေ့လာသင့်တယ်လို့ မက်သရူးဖာချဲန်ကဆိုပါတယ်။

မြန်မာနိုင်ငံမှာတော့ တရုတ်ရဲ့ ရင်းနှီးမြှုပ်နှံမှုဟာ တတိယအများဆုံးနိုင်ငံ ဖြစ်တဲ့အတွက် အပေါ်စီးကနေ ဆက်ဆံလို့ မရနိုင်ဘူး။ တချို့ကိစ္စတွေမှာ အစိုးရအချင်းချင်း ဆွေးနွေးကြတယ်။ ကျနော်တို့ ပြည်သူတွေက ဘယ်လို ဆွေးနွေးထားလဲ ဆိုတာ မသိရဘူး။ ရေရှည်မှာ အကောင်းဆုံးဖြစ်အောင် နှစ်ဖက်အစိုးရအနေနဲ့ ဘယ်လိုညှိနှိုင်းဆောင်ရွက်မလဲပေါ့။ အနိုင်ကျင့်တဲ့ ပုံစံမျိုးမဟုတ်ဘဲနဲ့ ကျနော်တို့ဘက်ကလည်း အကျိုးကျေးဇူးရှိအောင် ဘယ်လိုလုပ်ရမလဲဆိုတာမျိုး ညှိနှိုင်းဖို့ပဲ အဆင်ပြေမယ်လို့ထင်တယ်လို့ ဟောပြောပွဲကိုတက်ရောက်လာတဲ့ စီးပွားရေးနှင့်အင်္ဂလိပ်စာသင်တန်း တည်ထောင်သူ ဦးဝေယံပိုင်က ပြောပါတယ်။ တရုတ်နဲ့ စီးပွားရေးဆက်ဆံရာမှာ မြန်မာနိုင်ငံအနေနဲ့ ရေကာတာနဲ့ ဆည်တမံ လုပ်ဆောင်ဖို့တွေ၊ မီးရထားစီမံကိန်းတွေ အလားတူကိစ္စတွေကို စနစ်တကျလုပ်ဆောင်ဖို့ လိုအပ်တယ်လို့လည်း မက်သရူးဖာချဲန်က ပြောပါတယ်။

**Source:** https://www.facebook.com/kope.aung/posts/2467327693536441

## ရုရှား၏ ဂျုံတင်ပို့မှု ယာယီဆိုင်းငံ့ပေးရန် ဗီယက်နမ်မေတ္တာရပ်ခံ

ရုရှားမှ ဗီယက်နမ်သို့ ဂျုံတင်ပို့မှု ယာယီဆိုင်းငံ့ပေးရန်အတွက် ရုရှားစိုက်ပျိုးမှုဘေးကင်းရေး စောင့်ကြည့်အဖွဲ့ ရော့စ်စဲလ်ခိုဇ်နာဒေါ်အနေဖြင့် ပို့ကုန်ထောက်ခံချက်များ လတ်တလော ထုတ်ပေးခြင်းမပြုရန် ဗီယက်နမ်က မေတ္တာရပ်ခံထားကြောင်းသိရသည်။ ရုရှားသည် ကမ္ဘာပေါ်တွင် ဂျုံအများဆုံးတင်ပို့သူဖြစ်ပြီး ဗီယက်နမ်သည် အဓိက ဝယ်ယူသူ တစ်ဦးဖြစ်သည်။ သို့သော် လွန်ခဲ့သည့် ဗီယက်နမ်တင်သွင်းသည့် ဂျုံများထဲ ဆူးပင်အစေ့များ ရောနှောပါနေကြောင်း တွေ့ရှိခဲ့ရပြီးနောက် ဂျုံဝယ်ယူတင်သွင်းမှု သိသိသာသာလျော့ကျခဲ့သည်။ ဂျုံတင်ပို့သူများအတွက် ပိုးသတ်ဆေးဓာတ်ကြွင်းကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပြေးခြင်း ယာယီဆိုင်းငံ့ပေးရန် ဗီယက်နမ်ဘက်မှ တရားဝင်မေတ္တာရပ်ခံစာတစ်စောင် လက်ခံရရှိခဲ့ကြောင်း ရော့စ်စဲလ်ခိုဇ်နာဒေါ် ပြောခွင့်ရသူ မီလာနိုက ပြောသည်။ ယင်းသည် ကုန်စည်ဝယ်ယူတင်သွင်းသည့် နိုင်ငံများအတွက် နောက်ဆက်တွဲစစ်ဆေးမှုများပြုရန် ပြုလုပ်လေ့ရှိသည့် ပုံမှန်အလေ့အထတစ်ရပ်ဖြစ်ကြောင်းလည်း ပြောသည်။

ရုရှားဂျုံများ ဗီယက်နမ်သို့ ပြန်လည်တင်ပို့ရန် ရော့စ်စဲလ်ခိုဇ်နာဒေါ်သည် ဗီယက်နမ်ကိုယ်စားလှယ်များနှင့် တွေ့ဆုံဆောင်ရွက်လျက်ရှိကြောင်းလည်းပြောသည်။ ဗီယက်နမ်သည် အလားတူ သတိပေးချက်ကို လွန်ခဲ့သည့်တစ်နှစ်ကလည်း ထုတ်ပြန်ခဲ့ပြီးနောက် ၂၀၁၈ နိုဝင်ဘာမှ ၂၀၁၉ ဇွန်အတွင်း ရုရှားထံမှ ဂျုံဝယ်ယူမှုမပြုခဲ့ချေ။ ၂၀၁၉ ဇူလိုင်နှင့် ဩဂုတ်အတွင်းကမူ ရုရှားမှ ဂျုံ တန်ချိန် ၂၂၉၁၀၀ ဝယ်ယူတင်သွင်းခဲ့ပြီးဖြစ်သည်။ ရုရှားကိုယ်စားလှယ်များ လာရောက်သည့်နောက် ဂျုံဝယ်ယူရေး နောက်ဆက်တွဲဆွေးနွေးမှုများကို အောက်တိုဘာ ၂၀ မှ ၂၂ အတွင်း ပြုလုပ်သွားမည်ဖြစ်ကြောင်းလည်း ရုရှားတို့က ပြောဆိုခဲ့သည်။

**Source:** https://myanmar.mmtimes.com/news/129821.html

## မြန်မာနိုင်ငံသို့ ငရုတ်ကောင်းတင်ပို့သည့် ဗီယက်နမ်ကုမ္ပဏီများအား သတိပြုလုပ်ဆောင်ရန်တိုက်တွန်း

ဗီယက်နမ်စက်မှုလုပ်ငန်းနှင့် ကုန်သွယ်မှုဆိုင်ရာဝန်ကြီးဌာနက မြန်မာနိုင်ငံသို့ ငရုတ်ကောင်းတင်ပို့နေသည့် ဗီယက်နမ်ကုမ္ပဏီများအား သတိပြုလုပ်ဆောင်ရန် တိုက်တွန်းခဲ့ကြောင်း ဗီယက်နမ်ပလပ်စ် သတင်းဌာနကဖော်ပြသည်။ ဗီယက်နမ်ကုမ္ပဏီတစ်ခုမှ မြန်မာကုမ္ပဏီတစ်ခုနှင့် သဘောတူညီမှုရယူပြီးနောက် တင်ပို့ခဲ့သော ငရုတ်ကောင်းများအား မြန်မာ ကုမ္ပဏီဘက်မှ အကောက်ခွန်ရှင်းလင်းမှုများ ပြုလုပ်ခြင်းမရှိသောကြောင့် အငြင်းပွားမှုများဖြစ်ပွားခဲ့ပြီးနောက်တွင် မြန်မာနိုင်ငံသို့ ငရုတ်ကောင်းတင်ပို့နေသည့် ဗီယက်နမ်ကုမ္ပဏီများအား သတိပြုလုပ်ဆောင်ရန် တိုက်တွန်းခဲ့ခြင်းဖြစ်သည်။ အငြင်းပွားမှုဖြစ်ပွားခဲ့သည့်ဖြစ်စဉ်၌ မြန်မာကုမ္ပဏီသည် ဗီယက်နမ်နိုင်ငံမှ မြန်မာနိုင်ငံသို့ ငရုတ်ကောင်းများ တင်ပို့မှုအတွက် လမ်းခရီး၌ ကုန်လွန်ခဲ့သော ကြာမြင့်ချိန်များအတွင်း မြန်မာနိုင်ငံထဲတွင် ငရုတ်ဈေးနှုန်းများ ကျဆင်းသွားခြင်းကြောင့် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိ လာသော ငရုတ်ကောင်းများအား အကောက်ခွန်ရှင်းလင်းမှု ပြုလုပ် ကာ ထုတ်ယူရမည့်လုပ်ငန်းစဉ်များအား လုပ်ဆောင်နိုင်ခြင်းမရှိဟု ငြင်းဆန်ခဲ့ကြောင်း အတည်ပြုခဲ့သည်။ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေများအရ ဆိပ်ကမ်းများသို့ ရောက်ရှိလာသောကုန်စည်များအား ရက် ၆၀အတွင်း မထုတ်ယူလျှင် လေလံတင်ရောင်းချခံရမည် ဖြစ်သည်။

**Source:** http://www.uniondaily.net/News/DetailView.aspx?id=136001&path=LocalNews.aspx

## တရုတ်နိုင်ငံမှ ကြက်သွန်နီအဝယ်လိုက်လာ၍ (၁၀၅)မိုင်ကုန်သွယ်ရေးဇုန်သို့ ကြက်သွန်နီကား အဝင်များနေ

မြန်မာနိုင်ငံထွက် ကြက်သွန်နီများကို တရုတ်နိုင်ငံဘက်မှ အဝယ်လိုက်လာသည့်အတွက် ယခုရက်ပိုင်းတွင် မူဆယ် (၁၀၅)မိုင် ကုန်သွယ်ရေးဇုန် နယ်မြေအတွင်းသို့ တစ်ရက် လျှင် ကြက်သွန်နီကား အစီးရေ ၂၀ မှ ၄၀ ခန့် ဝင်ရောက် လျက်ရှိကာ အောက်တိုဘာ ၁ ရက်မှ ၁၇ ရက်အတွင်း ကြက်သွန်နီကားအစီးရေ ၅၀၀ ဝန်းကျင် ဝင်ထားပြီးဖြစ်ကြောင်း (၁၀၅)မိုင် ကုန်သွယ်ရေး ဦးစီးဌာနမှ သိရသည်။ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မြန်မာနိုင်ငံဘက်မှ တရုတ်နိုင်ငံဘက်သို့ ပို့ကုန်များအဖြစ် ကျွဲအရှင်၊ နွားအရှင်၊ ဆိတ်အရှင်၊ ငါးရှဉ့်၊ ကဏန်း၊ ရော်ဘာ၊ ကျောက် စိမ်းချော၊ အေးခဲသား၊ ပဲသီးစိမ်း၊ ဖရဲ၊ သခွား၊ သရက်သီး၊ လယ်ယာထွက်ပစ္စည်းများနှင့် ကြက်သွန်နီများကို တင်ပို့လျက်ရှိရာတွင် စက်တင်ဘာလမှစ၍ မြန်မာကြက်သွန်နီများကို တရုတ်နိုင်ငံမှ အဝယ်လိုက်လာသည့်အတွက် ကုန်သွယ်ရေးဇုန်အတွင်းသို့ အခြားကုန်ပစ္စည်းယာဉ်များထက် ကြက်သွန်နီတင်ယာဉ်များ ပို၍ဝင်ရောက်နေသလို ကြက်သွန်နီဈေးနှုန်းလည်း အနည်းငယ်မြင့်တက်လာကြောင်းသိရသည်။ ကြက်သွန်နီကို အများအားဖြင့် တန်ဆောင်မုန်းလမှ စတင်ပျိုးထောင်ရပြီး ပျိုးပင်ပေါက်များကို နတ်တော်လနှင့် ပြာသိုလများတွင် ပြောင်းရွှေ့စိုက်ပျိုးရကြောင်း၊ ယခုအချိန်သည် ကြက်သွန်နီပေါ်ချိန် မဟုတ်သည့်အတွက် တရုတ်နိုင်ငံဘက်မှ ဝယ်လိုအားကောင်းနေသော်လည်း မြန်မာနိုင်ငံဘက်မှ ယခင်နှစ်က ဂိုဒေါင်ကျန် ကြက်သွန်နီများနှင့် ပွဲရုံများမှာကျန်ရှိနေသည့် ကြက်သွန်နီများကိုသာ ထုတ်ရောင်းနေရခြင်းဖြစ်ကြောင်း ကြက်သွန်နီကုန်သည် များက ပြောသည်။ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် အိုးဖိုးကျေး ရွာမှ ကြက်သွန်စိုက်တောင်သူ ဦးသန်းစိုးက အခုဆိုရင် သီတင်းကျွတ်လမှာပဲ ကြက်သွန်တွေ စတင်စိုက်ပျိုးနေကြပြီး အချို့လည်း အပင်ပေါက်တွေထွက်ကုန်ပြီ၊ ကြက်သွန်စိုက်ပျိုးရတာ ရာသီဥတု အခက်အခဲရှိသလို ဈေးကွက်ကလည်း ပုံမှန်မရှိပါဘူး၊ ဈေးကွက်လိုက်ရင် အရှုံးနည်းပြီး ဈေးကွက်မလိုက်ရင်တော့ အရှုံးပေါ်

တာပေါ့၊ နိုင်ငံတော်အစိုးရအနေနဲ့ တောင်သူတွေကို မြေဆီ၊ ပုလဲ၊ အာမို၊ ဓာတ်မြေဩဇာတွေ အကြွေးစနစ်နဲ့ပေးနိုင်ရင် ပိုကောင်းမယ်၊ တောင်သူတွေအနေနဲ့ အသက်ရှူချောင်တာပေါ့ဟု ပြောသည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်မှ ထွက်ရှိသည့် ကြက်သွန်နီများကို ဘင်္ဂလားဒေ့ရှ်နိုင်ငံဘက်သို့ တင်ပို့ရောင်းချမှုရှိသလို တရုတ်နိုင်ငံဘက်သို့လည်း မူဆယ်လမ်းကြောင်းမှတစ်ဆင့် တင်ပို့ရောင်းချနေကြရာ ယခုနှစ်တွင် ယခင်နှစ်ထက် တရုတ်နိုင်ငံမှ ဝယ်လိုအားကောင်းလာခြင်းကြောင့် ပြည်တွင်းကြက်သွန်နီ လက်ကားဈေးကွက်တွင် တစ်ပိဿာလျှင် ကျပ် ၇၀၀ မှ ၁၀၀၀ ဝန်းကျင်အထိရှိလာကြောင်းသိရသည်။

မူဆယ်-မန္တလေး ကုန်တင်ကားမောင်းသူတစ်ဦးက ကျွန်တော်တို့အနေနဲ့ ကြက်သွန်တွေကို မြန်မာပြည် နေရာအနှံ့ကနေ တင်ပြီး မူဆယ်ဘက်ကို တက်လာတာပါ၊ အရင်တုန်းကတော့ လမ်းကြောအခြေအနေ သိပ်မကောင်း ဘူး၊ အခုနောက်ပိုင်းတော့ လမ်းကြောလည်း ကောင်းလာပါပြီ၊ ပြီးတော့ အရင်နှစ်တွေထက်စာရင် အခုနှစ်မှာ တရုတ်ဘက်က ကြက်သွန်နီကို ပိုပြီး ဝယ်လာတာဖြစ်လို့ ကျွန်တော်တို့ ကားသမားတွေအဖို့ ကားအခေါက်ရေ ပိုပြီးစိပ်သလို ကုန်သည်ပွဲစားတွေ၊ အရောင်းအဝယ် လုပ်သူတွေနဲ့ စိုက်ပျိုးတဲ့တောင်သူတွေအနေနဲ့လည်း အဆင်ပြေကြ တာပေါ့၊ ဒီလိုသာ အဝယ်လိုက်နေရင်တော့ နောက်နှစ်တွေမှာ ကြက်သွန်နီစိုက်ပျိုးတဲ့သူ ပိုများလာနိုင်မယ်ထင်ပါတယ်၊ ပြီးတော့ တရုတ်တွေကလည်း ဆက်ပြီးဝယ်နေမယ်ဆိုရင် ရာသီချိန်ရောက်ရင် ကြက်သွန်နီကားတွေ မူဆယ်ဘက်ကို ဒီထက်မက ပိုပြီးတက်လာကြမယ်လို့ထင်ပါတယ်ဟု ပြောသည်။ (၁၀၅)မိုင် ကုန်သွယ်ရေးဇုန်မှတစ်ဆင့် မြန်မာနိုင်ငံမှ တရုတ်နိုင်ငံသို့ အချိန်ကာလအလိုက် ကြက်သွန်နီတင်ပို့ခဲ့ မှုမှာ ၂၀၁၇ ဧပြီလမှ ၂၀၁၈ မတ်လအထိ တန်ချိန် ၁၉၄၁၇ ဒသမ ၂၅ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၇ ဒသမ ၇၉၇ သန်း)၊ ၂၀၁၈ ဧပြီလမှ စက်တင်ဘာလအထိ ၂၈၆၅၉ ဒသမ ၅ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၈ ဒသမ ၄၆၈ သန်း)၊ ၂၀၁၈ အောက်တိုဘာလမှ ၂၀၁၉ စက်တင်ဘာလ အထိ ၆၉၁၈၃ တန်(တန်ဖိုး အမေရိကန်ဒေါ်လာ ၁၅ ဒသမ ၀၀၄ သန်း)ဖြစ်ကာ ယခု အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ နှစ်ပတ်အတွင်း ၃၈၈၉ တန် (တန်ဖိုး အမေရိကန် ဒေါ်လာ ၁ ဒသမ ၅၃၄ သန်း)တင်ပို့နိုင်ခဲ့ကြောင်း (၁၀၅) မိုင် ကုန်သွယ်ရေးဦးစီးဌာနမှ စာရင်းများအရသိရသည်။

**Source:** https://www.facebook.com/MYANMAALINNNEWS/posts/2393079750932519?__tn__=K-R

## ငါးပြက်ငါးခြောက်များ အရောင်းသွက်

နှစ်စဉ်သီတင်းကျွတ်လနှင့် တန်ဆောင်မုန်းလတို့တွင် အလှူအတန်းများ များပြားသဖြင့် ငါးပြက်ငါးခြောက်အား ဝယ်သူများပြားခဲ့ရာ အခြားငါးခြောက်များထက် အရောင်းသွက်နေကြောင်း လားရှိုးမြို့ မြို့မဈေးကြီး ကုန်စိမ်းတန်းမှ ငါးခြောက်အရောင်းအဝယ်လုပ်ကိုင်သူ ဒေါ်သန်းသန်းယုထံမှ သိရပါတယ်။

သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွေက အခြားလတွေထက် အလှူအတန်းများတယ်။ အလှူအတန်းတွေမှာ ငါးပြက် ခြောက်တွေပဲ အသုံးပြုတာများတယ်။ လက်ရှိကာလမှာ ငါးပြက်ခြောက်ကတော့ အရောင်းအသွက်ဆုံးပါ။ တစ်ပိဿာကို ငွေကျပ် ၁၀၀၀၀ ခန့်ရှိပါတယ်ဟု ၎င်းကပြောကြားခဲ့ပါတယ်။ အဆိုပါ ငါးခြောက်ဆိုင်တွင် ရောင်းချလျက် ရှိသော ငါးခြောက်များမှာ တစ်ပိဿာငွေကျပ် ၃၀၀၀ မှ ၄၀၀၀၀ အထိ ရှိကြောင်း ဒေါ်သန်းသန်းယုထံမှ သိရပါတယ်။

**Source: Myawady** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2413-the-sale-of-dried-fish.html

## မြန်မာ့လျှော်ဖြူ တစ်နေ့လျှင်(၈)တန်ကျော်တင်ပို့နေ



မြန်မာ့လျှော်ဖြူကို ပြည်ပနိုင်ငံဈေးကွက်များကို တစ်နေ့လျှင် (၈) တန်ကျော် တင်ပို့နေရတာဖြစ်ကြောင်း မြန်မာနိုင်ငံလျှော်ဖြူ စိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။ ပြည်ပနိုင်ငံများဖြစ်တဲ့ တရုတ်နိုင်ငံနဲ့ယိုးဒယားကို မြန်မာ့လျှော်ဖြူ တစ်နေ့လျှင်(၈)တန်ကျော် တင်ပို့နေရပြီး အခြားပြည်ပနိုင်ငံများကိုလည်း တင်ပို့နေရတယ်လို့ မြန်မာနိုင်ငံ လျှော်ဖြူစိုက်ပျိုးထုတ်လုပ် တင်ပို့ရောင်းချသူများအသင်းမှ အတွင်းရေးမှူး ဦးဟိန်းထက်က ပြောပါတယ်။ လျှော်ဖြူကို တရုတ်နဲ့ယိုးဒယားကို အဓိကတင်ပို့နေရတာပါ။ အခြားပြည် ပဈေးကွက်တွေ ကိုလည်း တင်ပို့နေရတာတွေရှိပါတယ်။ ဒီကနေ တစ်နေ့ (၈) တန်လောက်တော့ တင်ပို့နေရတယ်။ ဈေးကွက်ကတော့ ငြိမ်နေကြောင်း၊ မြန်မာ့လျှော်ဖြူကို ဂျပန်နိုင်ငံဈေးကွက်ကိုလည်း တင်ပို့နိုင်ရန် စီစဉ်ဆောင်ရွက်မှုများ လုပ်ဆောင်နေ ကြောင်းလည်း အဆိုပါအသင်းမှ သိရပါတယ်။

မြန်မာ့လျှော်ဖြူကို တရုတ်နိုင်ငံကို အဓိကထားတင်ပို့နေပြီး မလေးရှား၊ ကိုရီးယားနဲ့ယိုးဒယားနိုင်ငံများကိုလည်း တင်ပို့နေကြောင်းသိရပါတယ်။ လျှော်ဖြူထိပ်စတစ်ပိဿာ ၂၅၀၀၀ ကျပ်သာရရှိနေကြောင်းလည်း မြန်မာနိုင်ငံလျှော်ဖြူ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းမှ သိရပါတယ်။

**Source:** https://greenwaymyanmar.com/posts/wild_almond_export_eight_ton_per_day

## STOCK EXCHANGE (21.10.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 21st Oct. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 12,000 | +0 | +0.00% | 11,500 | 12,000 | 11,500 | 5,318 | 61,175,500 | 27,112,747 | 325,353 |
| MTSH | 00002 | 3,950 | +0 | +0.00% | 3,950 | 3,950 | 3,950 | 5,510 | 21,764,500 | 38,929,150 | 153,770 |
| MCB | 00003 | 8,200 | -200 | -2.38% | 8,200 | 8,200 | 8,200 | 2 | 16,400 | 10,400,986 | 85,288 |
| FPB | 00004 | 23,500 | -500 | -2.08% | 23,000 | 23,500 | 23,000 | 1,163 | 27,080,500 | 2,472,053 | 58,093 |
| TMH | 00005 | 3,000 | +100 | +3.45% | 3,000 | 3,000 | 3,000 | 10 | 30,000 | 12,823,224 | 38,470 |

## Market summary

As of 21st Oct. 2019

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 482.70 | -1.49 | -0.31% | 472.48 | 483.29 | 472.48 | 12,003 | 110,066,900 | 5 | 660,974 |

### Index chart




# Market Overview

As of 11:00 am, 21st Oct. 2019

| MYANPIX | 483.29 ▼0.90 |
|---|---|
| Total Volume (shares) | 8,500 |
| Total Value (MMK) | 70 mil |
| Listed Company | 5 |
| Market Cap. (MMK) | 661,771 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 12,000 | ▲0 |
| MTSH | 00002 | 3,950 | ▲0 |
| MCB | 00003 | 8,400 | ▲0 |
| FPB | 00004 | 23,500 | ▼500 |
| TMH | 00005 | 2,900 | ▲0 |